


သက္ကရာဇ် ၂၀၀၀ ထောင်ပြည့်၊ မတ်လ ၁၇ ရက်နေ့တွင် ‘ပညတ်တော်ဆယ်ပါး ပြန်လည်ထိန်းသိမ်းရေး လှုပ်ရှားမှု’ အာဖရိကလူမျိုး အဖွဲ့ဝင် ၅၀၀ ထက်မနည်းသည် ယူဂန္ဒာနိုင်ငံ အနောက်ပိုင်းဒေသ အတွင်းရှိ ကန်ငူ (Kangngu) မြို့ရှိ ဘုရားရှိခိုးကျောင်းငယ်တစ်ခု အတွင်းသို့ ဝင်ခဲ့ကြသည်။ ၎င်းတို့သည် သစ်သားအဆောက်အအုံငယ် တစ်ခုအားအတွင်းမှ မီးမရှို့မီ နာရီအတန်ကြာ (ဘာသာရေး)သီချင်း သီဆိုနေခဲ့ကြသည်။ တံခါးမကြီးကို သော့ခတ်ထားပြီး ပြတင်းပေါက်များကို သံဖြင့်အသေ ပိတ်ထားသည်။ အတွင်းရှိသူ အားလုံး သေဆုံးကြသည်။ အာဏာပိုင်များသည် နောင်အခါ ကလေး ၁၁–ယောက် အပါအဝင် ၎င်းတို့၏ မီးလောင်ကျွမ်းသည့် ကိုယ်ခန္ဓာများကို တွေ့ရှိခဲ့ကြသည်။

ဘာသာရေး အစွန်းရောက် အဖွဲ့တစ်ခုကြောင့် သေဆုံးရကြောင်းရဲအဖွဲ့က သိသွားသောအခါ အာဖရိက တစ်တိုက်လုံး ထိတ်လန့်မှုဖြင့် လှုပ်လှုပ်ရှရှ ဖြစ်ကုန်သည်။ ၎င်းတို့၏ ကိုယ်ခန္ဓာကို စစ်ဆေးခဲ့ကြသည့် ရောဂါဗေဒ ပညာရှင်များအဆိုအရ အချို့မှာ အဆိပ်သောက်ခဲ့ပြီး အချို့မှာ ရန်းကန် လှုပ်ရှားခဲ့ကြသည်။ အများစုမှာ ထိုးနှက်ခြင်းကြောင့် ဒဏ်ရာများ သို့မဟုတ် ဦးခေါင်းခွံများ ကွဲအက်နေသည်။ ၎င်းတို့၏ ခန္ဓာကိုယ်များမှာ အိမ်အောက်၌ မြုပ်နေ သို့မဟုတ် တွင်းနှင့် အိမ်သာတွင်းများသို့ ပစ်ချခံရသည်။ အစွန်းရောက် သေဆုံးသူ အရေအတွက်သည် တဖြည်းဖြည်း ၇၈၀ အထိ မြင့်တက်ခဲ့သည်။

အချို့သတင်းများအရ နောက်ဆုံး အရေအတွက်မှာ ၁၀၀၀ ထက်ကျော်ကြောင်း ဆိုသည်။ ယင်းလှုပ်ရှားမှု၏ အစုလိုက် သတ်သေမှုမှာ သမိုင်းတွင် မှတ်တမ်း တင်ထားပြီးသမျှ ထိတ်လန့်ဖွယ် အကောင်းဆုံး အစွန်းရောက်တို့၏ ကြေကွဲဖွယ်လုပ်ရပ် ဖြစ်သဖြင့် ဂျုန်းစ်တောင်း၏ (Jonestown) ကိုပင် ကျော်လွန်သွားခဲ့သည်။

အဆိုပါ ‘ပညတ်တော်ဆယ်ပါး ပြန်လည် ထိန်းသိမ်းရေး လှုပ်ရှားမှု’အဖွဲ့ကို ဂျိုးဆက် ကိဗ်ဝက်တာ (Joseph Kibwetere) အမည်ရှိ လူမည်းပုဂ္ဂိုလ်က ၁၉၈၀ ပြည့်နှစ် နှောင်းပိုင်းတွင် တည်ထောင်ခဲ့ပြီး နောင်တွင် အဖွဲ့ဝင် ၅၀၀၀ အထိ ရှိခဲ့နိုင်သည်။ အသက် ၆၈ နှစ်ရှိ မိမိဘာသာ ဘိရှော့ (ဘုန်းကြီး)ဘွဲ့ ခံယူထားသူ ဂျိုးဆက်သည် တစ်ချိန်က အထင်ကရ ရိုမန်ကက်သိုလစ် ဘာသာဝင်တစ်ယောက် ဖြစ်ပြီး ယူဂန္ဒာနိုင်ငံရေး၌လည်း တက်ကြွစွာ ပါဝင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ကိဗ်ဝက်တာသည် စိတ်ကျန်းမာရေး ကုသရန် ဆေးရုံ တက်ခဲ့ရသည်။ ကမ်ပလာမြို့ ဗူတဗိကာ စိတ်ရောဂါကု ဆေးရုံမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဖရက် ကိဂိုဇီ (Dr. Fred Kigozi)က ‘၎င်းတွင် စိတ်ကစဉ့်ကလျား ဖြစ်ခြင်း၊ စိတ်အလိုမကျနိုင် ဖြစ်ခြင်း၊ စိတ်ကြွ စိတ်အားငယ်ခြင်း ရောဂါ’ ရှိကြောင်း ၎င်းအား အကြံပြုခဲ့သည်။

ကိဗ် ဝက်တာက မိမိသည် ယေရှုခရစ်တော်နှင့် အပျိုစင် မယ်တော်မေရီတို့အကြား ပြောဆိုဆွေးနွေးမှုများကို သိမြင်ကြားနာနိုင်သည့် စွမ်းရည်ရှိကြောင်း ဆိုသည်။ အပျိုစင်မယ်တော် မေရီသည် ကမ္ဘာ့လူသားများ ပညတ်တော်ဆယ်ပါးမှ ခွဲခွာနေကြမှုအပေါ် ပြစ်တင်နေကြောင်း ဆိုပြီး ယင်းသို့ ဖြစ်သဖြင့် သက္ကရာဇ် ၂၀၀၀ တွင် ကမ္ဘာကြီးပျက်စီးမည့်အကြောင်း ကြေညာရန် ၎င်းအား အမိန့်ထားကြောင်း ဆိုသည်။

ကိဗ် ဝက်တာသည် ကမ္ဘာလူသား အားလုံးနီးပါး ပျက်စီးမည့် ကပ်ဘေး တစ်ခုအတွက် ကြိုတင်း ဟောကိန်း ထုတ်ထားသည့် လက်စွဲစာအုပ်ငယ်တစ်အုပ် ရေးသားသည်။ ပညတ်တော် ဆယ်ပါးကို လိုက်နာပြီး ၎င်းစကားကို နားထောင်သူများ သာလျှင် 'မိသားစု ကယ်လှေကြီး'ဟု ၎င်းခေါ်သော ၎င်း၏ ဘုရားကျောင်းအတွင်း ချမ်းသာပေးနိုင်မည်ဖြစ်သည်။

ကက်သိုလစ် တရားဟောဆရာ ဒိုမိနိကာ ခါတာရီ ဗားဗို (Dominica Kataribaabo)သည် ယင်းလှုပ်ရှားမှု၌ ပါဝင်လာပြီး ကိဗ် ဝက်တာ၏ အောက်၌ ဒုတိယခေါင်းဆောင် ဖြစ်လာသည်။ သို့ရာတွင် ယင်းသို့ ကွဲပြားစွာ ထုတ်ဖော်ချက်ကြောင့် ၎င်းတို့ နှစ်ယောက်လုံးအား ရိုမန် ကက်သိုလစ် ဘုရားကျောင်းအဖွဲ့ဝင် အဖြစ်မှ ထုတ်ပယ်ပြီး ၎င်းတို့အား အဆက်အသွယ် ဖြတ်ပစ်ခဲ့သည်။ မာဗရာရာ ဒီအိုဆေဆီ မြို့မှ ဘိရှော့ဟောင်း ဖြစ်သူက 'ကိဗ် ဝက်တာအနေဖြင့် ထာဝရဘုရားသခင်အား စကားပြောနိုင်သည်ဟု ဆိုခြင်းမှာ လက်ခံနိုင်ဖွယ် မရှိ'ဟု ဆိုသည်။

ကိဗ် ဝက်တာ၏ မိသားစုက ၎င်းသေပြီဟု ဆိုသည်။ ၎င်း၏ ကိုယ်ခန္ဓာကို အတိအကျ မတွေ့ခဲ့သော်လည်း ၎င်းဝတ်ဆင်ခဲ့သည်ဟု ယုံကြည်ရသော လက်စွပ် တစ်ကွင်းကိုမူ ပြာကျသွားသော ဘုရားကျောင်း၏ အုတ်ကျိုး အုတ်ပဲ့များ အတွင်းရှိ မီးလောင်ထားသော လက်တစ်ခု၌ တွေ့ရှိခဲ့သည်။ ရဲများသည် ဒိုမိနိကာ ခါတာရီ ဗားဗို၏ ရုပ်အလောင်းကို လုံးဝ မတွေ့ခဲ့သော်လည်း ၎င်း၏ ၁၉၉၇ ခုနှစ် နိုင်ငံကူးလက်မှတ်ကို တွေ့ရှိခဲ့သည်။

ကရီဒိုနီယာ မရိန်းဒီ (Credonia Mwerinde) အမည်ရှိ ယင်းဘုရားကျောင်းအဖွဲ့ ခေါင်းဆောင် အမျိုးသမီးနှင့် ပတ်သက်၍မူ မရှင်းလင်းဘဲ ရှိသည်။ ရဲအဖွဲ့က ၎င်း၏အလောင်းကို ရှာဖွေ တွေ့ရှိခဲ့ကြောင်း ဆိုသော်လည်း အချို့ကမူ သူမ အသက်ရှင်လျက် ရှိသေးသည်ဟု ယူဆသည်။ ယင်းအယူသည်း သေပွဲ၌ မသေဘဲ ရှင်ကျန်ခဲ့သူများက ထိုအမျိုးသမီးသည် အခြား ခေါင်းဆောင်များကို သတ်ပြီးနောက် ထွက်ပြေးသွားသည်ဟု ဆိုသည်။ ဒေသဆိုင်ရာ စီးပွားရေး လုပ်ငန်းရှင် တစ်ဦးက ဘုရားကျောင်း မီးမလောင်မီ ရက်အနည်းငယ်ကပင် မရိန်းဒီသည် ယင်းအဖွဲ့ပိုင် မြေယာများ၊ မော်တော်ယာဉ်များနှင့် အဆောက်အအုံများကို ရောင်းချရန် ၎င်းအား ပြောကြားခဲ့ကြောင်း ဝန်ခံခဲ့သည်။ အာဖရိက ရုပ်မြင်သံကြားဌာန တစ်ခုတွင် ဖော်ပြသည့် မှတ်တမ်းအရ ငွေနှင့် အလိုရမ္မက်သည် မရိန်းဒီအား ပထမတွင် ယင်းအယူသည်း အဖွဲ့ကို တည်ထောင်ရန် တွန်းအားပေးခဲ့သော်လည်း နောင်တွင် အဆုံးစွန် အနေဖြင့် ယင်းအဖွဲ့ကို ဖျက်ဆီးရန်လည်း ဦးတည်သွားစေခဲ့ကြောင်း ဖော်ပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေစိုးမိုးရေး အဖွဲ့သည် 'ပညတ်တော်ဆယ်ပါး ပြန်လည်ထိန်းသိမ်းရေး လှုပ်ရှားမှုအဖွဲ့' ခေါင်းဆောင်များကို လိုက်ရှာခဲ့ကြသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။ ခေါင်းဆောင် တစ်ယောက်ကိုမျှ ဖမ်းဆီး သို့မဟုတ် အကျဉ်းချနိုင်ခြင်း မရှိခဲ့ချေ။ ❐


**References :**

*Charred corpses piled in Uganda suicide site*, Reuters, March 19, 2000

*Ugandan Mass Death Led by Failed Politician*, Reuters, March 20, 2000

*Catholic Church Had Excommunicated Kibwetere*. Africa News Online, March 21, 2000